**ဖိုကိုလာရေလှုပ်ရှားမှု**

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

မေလ ၂၀၁၆

**"ကိုယ်တော်သည် လူတို့နှင့်အတူစံမြန်းတော်မူ၍ သူတို့သည် ကိုယ်တော်၏လူမျိုးတော်ဖြစ်ကြလိမ့်မည်။ ဘုရားသခင်ကိုယ်တော်တိုင်သည်လည်း သူတို့နှင့်အတူ ရှိတော်မူလိမ့်မည်။" (ဗျာဒိတ် ၂၁း၃)**

ဘုရားသခင်က ကိုယ်တော်ရှင်၏လူမျိုးတော်ဖြစ်သော ကျွန်ုပ်တို့နှင့်အတူ စံမြန်းတော်မူရန် အစဉ်လိုလားတော်မူခဲ့ပါသည်။ သမ္မာကျမ်းစာတော်မြတ်၏ ပထမဆုံးစာမျက်နှာများတွင် ဘုရားသခင်သည် ကောင်းကင်နိုင်ငံတော်မှ ကြွဆင်းလာတော်မူပြီး ဥယျာဉ်တော်အတွင်း၌ လမ်းလျှောက်ကာ အာဒံနှင့်ဧဝတို့အား စကားပြောကြောင်းကို ဖော်ပြထားပါသည်။ ထိုအမှုအရာကို ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အတွက် ဖန်ဆင်းတော်မူခဲ့သည်မဟုတ်ပါလား။ မေတ္တာရှင်တစ်ယောက်က သူချစ်သောသူတို့နှင့်မဟုတ်ခဲ့ပါလျှင် ဘာကိုအလိုရှိပါမည်နည်း။ ဗျာဒိတ်တော်ကျမ်းက သမိုင်းကြောင်းထဲက ဘုရားသခင်၏အကြံအစည်တော်ကို ရှာဖွေဖော်ထုတ်ပြီး ဘုရားသခင်၏အလိုတော်သည် အပြည့်အဝစုံလင်စေမည်ဖြစ်ကြောင်းကို အခိုင်အမာကတိပေးနေခြင်းဖြစ်သည်။

ဧမာနုအဲလ်၊ ကျွန်ုပ်တို့နှင့်အတူ ရှိနေမည့်ဘုရားဟုအဓိပ္ပာယ်ရသည့် သခင်ယေရှုကြွဆင်းလာတော်မူခြင်းနှင့်အတူ ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့၏အလယ်တွင် စံမြန်းတော်မူပြီးဖြစ်ပါသည်။ ထို့နောက်ယခုတွင် သခင်ယေရှုသည် ရှင်ပြန်ထမြောက်ခဲ့ခြင်းဖြင့် ကိုယ်တော်ရှင်၏တည်ရှိမှုသည် နေရာ သို့မဟုတ် တစ်ချိန်တစ်ခါဟူ၍ ကန့်သတ်ချက်မရှိတော့ဘဲ ကမ္ဘာလောကတစ်ခုလုံးသို့ ပြန့်နှံ့သက်ရောက်ခဲ့တော့သည်။ သခင်ယေရှုနှင့်အတူ သစ်လွင်ပြီး မူလရင်းမြစ်စစ်စစ်ဖြစ်သော၊ လူသားမှ လူသားများသို့ဖော်ဆောင်ခဲ့သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ခုကို စတင်ခဲ့ပြီဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တစ်ဦးတည်း၏စိတ်နှလုံး၊ ကျွန်ုပ်၏မိသားစုတစ်ခုတည်း၊ ကျွန်ုပ်၏ လူမျိုးတစ်စုတည်း၌သာ စံမြန်းလိုသည်မဟုတ်၊ လူတစ်မျိုးတည်းအဖြစ်စုဖွဲ့စေဖို့ခေါ်ဖိတ်ခြင်းခံရသော လူသားတိုင်း၏အလယ်တွင် စံမြန်းလိုခြင်းဖြစ်၏။ တစ်ချိန်တည်းမှာပင် လက်ရှိလူသားရွှေ့လျားနိုင်မှုအတွေ့အကြုံသည်လူတို့အပေါ် ဘာဖြစ်စေလိုသည်ဆိုသည့်စိတ်ကူးကို ပြောင်းလဲနေစေသည်။ နိုင်ငံအတော်များများတွင် တိုင်းရင်းသားလူမျိုးစုများစွာဖြင့် ဖွဲ့စည်းထားပါသည်။

ကျွန်ုပ်တို့သည် အသားအရောင်၊ ယဉ်ကျေးမှု၊ ဘာသာတရား စသည်ဖြင့် တစ်ဦးနှင့်တစ်ဦး များစွာကွဲပြားခြားနားကြသည်။ မယုံကြည်မှု၊ သံသယစိတ် သို့မဟုတ် ကြောက်ရွံ့မှုတို့ဖြင့် တစ်ဦးနှင့်တစ်ဦး မကြာခဏ ရှုမြင်တတ်ကြသည်။ တစ်ဦးအပေါ်တစ်ဦး စစ်ခင်းကြသည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံး၏

ဖခင်ဖြစ်၏၊ ကျွန်ုပ်တို့အားလုံးနှင့် တစ်ဦးချင်းစီကိုလည်း ချစ်ပါသည်။ ကိုယ်တော်ရှင်သည် အခြားသူများအား နောက်ချန်ထားပြီး (ကျွန်ုပ်တို့နှင့်စပ်ဆိုင်သူများ ဆိုသည်မှာ ကျွန်ုပ်တို့၏ဦးစားပေးအတွေး မှန်သော်လည်း) လူတစ်စု တစ်ဖွဲ့တည်း၌သာ စံမြန်းလိုသည်မဟုတ်ပေ။ ကိုယ်တော်ရှင်အဖို့ ကျွန်ုပ်တို့အားလုံးသည် မိသားစု တစ်ခုတည်းမှ သားသမီးများပင်ဖြစ်တော့သည်။

သို့ဖြစ်လျှင် မတူကွဲပြားမှုများကိုအသိအမှတ်ပြုရန်၊ အခြားသူတို့အား လေးစားမှုရှိရန်၊ တစ်စုံတစ်ယောက်ကိုရှုမြင်ရာတွင် "ငါဟာအခြားသူပါလား၊ အခြားသူဆိုတာ ငါပါပဲလား၊ အခြားသူဟာ ငါ့ထဲမှာရှိသလို ငါဟာလည်း အခြားသူထဲမှာရှိတယ်၊" ဟု ကိုယ်ချင်းစာစိတ်နှင့်ကြည့်မြင်တတ်ရန် ယခုလအသက်ပေးသည့်နှုတ်တော်ထွက်စကား၏လမ်းညွှန်မှုဖြင့် ကြိုးစားအားထုတ်ကြည့်ကြပါစို့။ ထို့နောက် နေ့စဉ်ကျွန်ုပ်တို့၏ဘဝအသက်တာတွင် ကြုံဆုံနေရသူတို့နှင့် အစပြုကြည့်ကြပါစို့။ ထိုသို့အားဖြင့် ကျွန်ုပ်တို့အလယ်တွင် ဘုရားသခင်စံမြန်းတော်မူရန် နေရာပေးနိုင်မည်ဖြစ်သည်။ ဤသည်ကား စည်းလုံးခြင်းကိုဖေါ်ဆောင်သူ၊ လူတစ်ဦးချင်းစီ၏ကိုယ်ရည်ကိုယ်သွေးကို ကာကွယ်စောင့်ရှောက်သူ၊ လူ့ဘောင်အသိုင်းအဝိုင်းကို နည်းလမ်းသစ်ဖြင့် ဖန်တီးသူပင်ဖြစ်ပေလိမ့်မည်။

၁၉၅၉ ခုနှစ်က ကယားရာလူးဘစ်၌ ထိုစိတ်ကူးရှိခဲ့ပြီးဖြစ်သည်။ သူမက အလွန်ပင်ခေတ်နှင့်လျော်ညီပြီး အံ့သြဖွယ်ရာ ကြိုတင်နမိတ်ဖတ်ခဲ့သည့် စာပိုဒ်တစ်ခုကို ရေးသားခဲ့ပါသည်။

"အကယ်၍ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တစ်ဦးချင်းအလိုက်မဟုတ်ဘဲ နိုင်ငံများအလိုက်အကြုံးဝင်သည့် လူတိုင်းသည် မိမိ၏ရပ်တည်မှုမှ ငဲ့စောင်းကြည့်တတ်ဖို့သင်ယူခဲ့ကြမည်ဆိုလျှင် . . . ထို့ပြင် သူတို့သည် ထိုအမှုအရာကို ဘုရားသခင်တောင်းဆိုသော အချင်းချင်းတုန့်ပြန်မေတ္တာထားရှိဖို့ဆိုသည့်အတိုင်း နိုင်ငံများအချင်းချင်း အပြန်အလှန်တုန့်ပြန်မေတ္တာပြသည့်ဖေါ်ပြချက်အဖြစ် ဖေါ်ဆောင်ကြမည်ဆိုလျှင် ထိုနေ့ကို ခေတ်ကာလသစ်တစ်ခု၏ အစပြုရာနေ့အဖြစ် သတ်မှတ်ပေလိမ့်မည်။ ထိုနေ့၌ သခင်ယေဇူးသည် လူတို့နှင့်အတူရှင်သန်လျက် တည်ရှိစံမြန်းနေတော်မူလိမ့်မည်။ . . .

ယခုအချိန်သည် လူတိုင်းအဖို့ မိမိတို့၏ကိုယ်ပိုင်နယ်နမိတ်တို့ကို ကျော်လွန်သွားရောက်ပြီး အဝေးသို့ရှုမြင်ကြရပေမည်။ ယခုချိန်ခါသည် အခြားနိုင်ငံများအား မိမိ၏တိုင်းနိုင်ငံကဲ့သို့ချစ်ဖို့ရန် ဖြူစင်သောအမြင်သစ် ရှိကြရပေမည်။ ခရစ်ယာန်များဖြစ်ဖို့ မိမိတို့၏အတ္တသဘောမှ ဖြတ်တောက်ရုံဖြင့်မလုံလောက်သေးပါ။ ခရစ်တော်နောက်သို့လိုက်လျှောက်ကြသူများထံမှ ခရစ်ယာန်သာသနာ၏ လူမှုရေးရှုထောင့်အမြင်ဆိုသည့် ပို၍ထူးခြားမှုတစ်ခုခုကို တောင်းဆိုနေသည့်အချိန်ကာလတွင် ကျွန်ုပ်တို့သည်နေထိုင်လျက်ရှိပါသည်။

ထို့ပြင် ဘုရားသခင်သည် ကွဲပြားခြင်းနှင့် ဝေခွဲမရဖြစ်နေသော ကမ္ဘာလောကကြီး၊ (အတိုင်းအတာတစ်ခုမျှနှင့် ကျေနပ်စရာမရှိသော်လည်း)ကိုယ့်အလုကမ္ဘာလေးနှင့် ကိုယ် ပိတ်လှောင်ထားပြီး အားရကျေနပ်နေသောသူများအား သနားခြင်းကရုဏာ ထားတော်မူမည်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ သူတို့သည် ဆာလောင်မွတ်သိပ်နေသူများနှင့် ဒုက္ခဝေဒနာခံစားနေရသူများကိုအကူအညီပေးနိုင်သည့် စစ်မှန်သောဘဏ္ဍာဆိုသည့် အခြားအခွင့်အရေးများကိုဆန့်ကျင်ပြီး သူတို့၏ပိုင်ဆိုင်မှုများကိုသာဆုပ်ကိုင်ရင်း ပျက်စီးခြင်းသို့ရောက်ရသည်။ ဘုရားသခင်သည် ထိုပျက်စီးဆုံးရှုံးစေသော အနှောင့်အယှက်အဟန့်အတားမှန်သမျှကို ဖြိုဖျက်ပြီး မြေပြင်တစ်ခွင်ပေါ်တစ်လျှောက်ဝယ် တုန့်ဆိုင်းခြင်းမရှိဘဲ ပြေးနိုင်မည့်ချစ်ခြင်းမေတ္တာကိုခွင့်ပြုစေပါ၊ သူတို့အား ဝိညာဉ်ရေးနှင့် ဉစ္စာပစ္စည်းများ အလျှံပယ် စီးဆင်းစေပါ။

ဘုရားသခင်သည် ကမ္ဘာကြီးပေါ်တွင် အသိုင်းအဝိုင်းသစ်တစ်ရပ်ကိုဆောင်ကြဉ်းလာစေရန် ကျွန်ုပ်တို့မျှော်လင့်ကြပါစို့။ ကိုယ်တော်ရှင်သည်သာလျှင် လူ့ဘောင်လောကကို မိသားတစ်စုတည်းအဖြစ် ဖေါ်ဆောင်နိုင်ပြီး လူမျိုးတစ်ခုချင်းစီ၏ တစ်မူထူးသောသွင်ပြင်စရိုက်လက္ခဏာများကို ပျိုးထောင်ပေးခြင်းဖြင့် အခြားသူများအတွက် ဝန်ဆောင်မှုကိုပေးခြင်းအရာ၌ အံ့မခမ်းဖွယ်နေရာရနိုင်ကြပါစေ၊ အသက်တာအလင်းတစ်ခုတည်းအဖြစ် ထွန်းလင်းတောက်ပနိုင်ပါစေ။ ထိုအသက်တာအလင်းရောင်သည် ကမ္ဘာ့နိုင်ငံတစ်ခုချင်းစီအား လှပစေပြီး ထာဝရနိုင်ငံတော်၏ ဩဇာကြိုခန်းမဆောင်ကြီးပမာဖြစ်စေပါလိမ့်မည်။

*Fabio Ciardi*